နည်းပညာအလုပ်သင်အဖြစ်အလုပ်လုပ်ကိုင်နေသူများသို့

厚生労働省

# နည်းပညာအလုပ်သင်ကိုဆက်လက်လုပ်ခွင့်မရသည့်အခါတွင်အသုံးပြုနိုင်သည့်နိုင်သည့်စနစ်နှင့်ပတ်သတ်၍ ～နေထိုင်ခွင့်ဗီဇာမှာ「Tokutei Katsudou(အလုပ်လုပ်ခွင့်မရှိ)」ဖြစ်သည့်သူများလည်း သက်ဆိုင်ပါသည်～

နည်းပညာအလုပ်သင်သည် သင်တန်းပြုလုပ်သူမှ အလုပ်ခန့်ထားခြင်းဖြစ်သည့်အတွက် ဂျပန်နိုင်ငံ၏အလုပ်သမားဆိုင်ရာ ဥပဒေအရ တရားဝင်ကာကွယ်စောင့်ရှောက်မှုကို ခံစားခွင့်ရှိပါသည်။

COVID-19ရောဂါကူးစက်ပြန့်ပွားမှုကြောင့် အလုပ်သင်ဌာနမှ အလုပ်နားသည့်အခါနှင့် အလုပ်ဖြုတ်ခံရသည့်အခါများတွင် အလုပ်အသစ်ရှာသည့်အခါ၌ နည်းပညာအလုပ်သင်များလည်း အသုံးပြုနိုင်သည့်စနစ်ရှိသည့်အတွက် သက်ဆိုင်သူဖြစ်ပါက အသုံးပြုရန်ဝန်မလေးပါနှင့်။

## အလုပ်အာမခံထုတ်ပေးခြင်း(အခြေခံခံစားခွင့်)

**အလုပ်သမားများအလုပ်လက်မဲ့ဖြစ်ပြီး အလုပ်အသစ်ရှာသည့်အခါတွင် စားဝတ်နေရေးတည်ငြိမ်စေရန် လိုအပ်သော ထောက်ပံ့မှုကို ပေးမည်။ အောက်ပါအချက်အလက်အချို့နှင့် ကိုက်ညီပါက နည်းပညာအလုပ်သင်လည်း အလုပ်အာမခံထုတ်ပေးခြင်း(အခြေခံခံစားခွင့်)ကို ရယူနိုင်ပါသည်။** (ဤစနစ်သည် ဂျပန်နိုင်ငံသားနှင့် နည်းပညာအလုပ်သင်လည်း အလားတူဖြစ်ပါသည်။)

**သက်ဆိုင်သူ ・အလုပ်သင်ဆဲကာလတွင် အလုပ်ဖြုတ်ခံရပြီး အလုပ်အသစ်ရှာနေသည့် အလုပ်သင်များ**
**・အလုပ်သင်ပြီးဆုံးပြီး နိုင်ငံသို့ပြန်ရန်ခက်ခဲသည့်အတွက် အလုပ်ရှာနေသည့် အလုပ်သင်များ**
**※နေထိုင်ခွင့်ဗီဇာ「နည်းပညာအလုပ်သင်」၊「Tokutei Katsudou(အလုပ်လုပ်ခွင့်မရှိ)」(သို့)「သက်တမ်းတိုးဗီဇာ」(5လ20ရက်နေ့အထိ「နည်းပညာအလုပ်သင်」မှဗီဇာအမျိုးအစားပြောင်းပေးရန်လျှောက်ထားသူ)များ ။**

### 1 ဟလိုးဝပ်(Hello Work)သို့ အလုပ်လျှောက်ခြင်း

အလုပ်ထွက်ပြီးနောက် အခြေခံခံစားခွင့်ကိုလက်ခံရယူရန်အတွက် ဟလိုးဝပ်သို့ အလုပ်လျှောက်ရန် လိုအပ်ပါသည်။

### 2 အလုပ်အာမခံဝင်ဖြစ်သည့်ကာလ12လနှင့်အထက်ဖြစ်ရန်လိုအပ်ခြင်း

အလုပ်မထွက်ခင်2နှစ်ကြားထဲတွင် အလုပ်အာမခံဝင်ဖြစ်ခဲ့သည့်ကာလ12လနှင့်အထက်ဖြစ်ရန် လိုအပ်ပါသည်။
သို့သော်လည်း အလုပ်သင်ဌာနမှ ဒေဝါလီခံလိုက်ခြင်း၊ လုပ်ငန်းလျှော့ချလိုက်ခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားပါက အလုပ်မထွက်ခင်1နှစ်ကြားထဲတွင် အလုပ်အာမခံဝင်ဖြစ်ခဲ့သည့်ကာလ စုစုပေါင်း6လနှင့်အထက်ဖြစ်ရန်လိုအပ်ပါသည်။

### <အလုပ်အာမခံ(အခြေခံခံစားခွင့်)လက်ခံရယူရန်လုပ်ငန်းစဉ်အဆင့်ဆင့်>

- အလုပ်ထွက်ခြင်း(သို့)အလုပ်သင်ပြီးဆုံးခြင်း
- အလုပ်လျှောက်ခြင်းနှင့် လက်ခံရယူခွင့်ရှိကြောင်းဆုံးဖြတ်
  - လက်ခံရယူရန်လျှောက်မည့်ကာယကံရှင်မှ လိုအပ်သည့်စာရွက်စာတမ်းကို ဟလိုးဝပ်သို့ ယူလာပါ။
  - လက်ခံရယူခွင့်ရှိကြောင်းထောက်ခံစာစသည့်စာရွက်စာတမ်းများထုတ်ပေးမည်။ အလုပ်အာမခံလက်ခံရယူရန် လျှောက်နည်းကို ရှင်းပြမည်။
- အလုပ်အာမခံအားရှင်းပြခြင်း
  - လက်ခံရယူခွင့်စတင်လျှောက်ထားသည့်နေ့မှ အလုပ်လက်မဲ့အခြေအနေ 7ရက်ပြည့်သည့်အထိကို (စောင့်ဆိုင်းကာလ) ဟုခေါ် ပြီး ဤကာလတွင် အလုပ်အာမခံ ခံစားခွင့်မရှိပါ။
- စောင့်ဆိုင်းကာလပြီးဆုံးခြင်း
- ခံစားခွင့်ကန့်သတ်မှု
  - မိမိ၏ကိစ္စဖြင့် အလုပ်ထွက်ပါက စောင့်ဆိုင်းကာလ ပြီးဆုံးသည့်နောက်တနေ့မှ ထပ်မံ၍ 3လကြာ အခြေခံခံစားခွင့် ထုတ်မပေးပါ။ ※အထက်ပါသက်ဆိုင်သူများအား သာမာန် ခံစားခွင့်ကန့်သတ်မှုမရှိပါ။
- အလုပ်လက်မဲ့ဟုသတ်မှတ်ခြင်း
  - သတ်မှတ်ရက်တိုင်း (အခြေခံအားဖြင့်4ပတ်တကြိမ်) တွင် အလုပ်လက်မဲ့ဖြစ်ကြောင်း အစီရင်ခံစာကို တင်ပြပါ။
- အခြေခံခံစားခွင့်ထုတ်ပေးခြင်း
  - အလုပ်လက်မဲ့ဟုသတ်မှတ်သည့် နေ့ရက်များအတွက် စုစုပေါင်းအခြေခံခံစားခွင့်ကို သာမာန်ဘဏ်အကောင့်သို့ ငွေလွှဲသွင်းပေးပါမည်။
- အခြေခံအားဖြင့်4ပတ်တကြိမ် သင့်အတွက် သတ်မှတ်ရက်ကို ညွှန်ကြားမည်
- အလုပ်သင်ဌာနပြောင်းခြင်း(သို့)အလုပ်အသစ်ရရှိခြင်း
- ခံစားခွင့်ထုတ်ပေးမှုပြီးဆုံးခြင်း

※နိုင်ငံသို့ပြန်ရန်ခက်ခဲပြီးအလုပ်ရှာနေသူများ အလုပ်လုပ်သည့်အခါ နေထိုင်ခွင့်ဗီဇာ「Tokutei Katsudou(အလုပ်လုပ်ခွင့်ရှိ)」သို့ ပြောင်းရမည်။

LL020622開海01

မလွဲသာဘဲ လုပ်ငန်းကိုလျှော့ချလိုက်ရသည့် ကုမ္ပဏီအား လိုအပ်ချက်အချို့နှင့် ကိုက်ညီပါက အလုပ်အကိုင်ညှိနှိုင်းထောက်ပံ့ငွေပေးသည့်စနစ်ရှိပြီး၊ ကုမ္ပဏီမှ နည်းပညာအလုပ်သင်အလုပ်သမားကို အလုပ်နားစေသည့်အခါလည်း ၎င်းကဲ့သို့သော ထောက်ပံ့ငွေကို စိတ်ပါလက်ပါအသုံးချပြီး အလုပ်နားစေသည့်အတွက်ခံစားခွင့်ကို ထုတ်ပေးခြင်းစသည်ဖြင့် နစ်နာမှုမရှိစေရန် ကြိုးစားရမည်ဟု တောင်းဆိုထားပါသည်။ ၎င်းအပြင် အလုပ်နားနေစဉ် နည်းပညာအလုပ်သင်မှ အလုပ်နားထောက်ပံ့ကြေးကို မရပါက နည်းပညာအလုပ်သင်ဘက်မှ တောင်းဆိုနိုင်သည့်စနစ်ကို ထပ်မံချမှတ်ထားပါသည်။

※ ၎င်းအပြင် အလုပ်သမားအခြေခံဥပဒေပုဒ်မ26တွင် ကုမ္ပဏီမှ ၎င်းတွင်တာဝန်ရှိသည့်အကြောင်းရင်းဖြင့် အလုပ်သမားကို အလုပ်နားစေခဲ့သည့်အခါတွင် အနည်းဆုံး အလုပ်သမား၏ စားဝတ်နေရေးလုံခြုံမှုရှိစေရန် အလုပ်နားနေသည့်ကာလအတွင်း အလုပ်နားထောက်ပံ့ကြေးပေးရမည်ဟု သတ်မှတ်ထားပါသည်။

**အသေးစိတ်ကို အောက်ပါနေရာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။**
**Homepageတွင်လည်းသက်ဆိုင်ရာသတင်းများကို တင်ပြထားပါသည်။**

**● အလုပ်အာမခံထုတ်ပေးခြင်း(အခြေခံခံစားခွင့်)နှင့်ပတ်သတ်ပြီးစုံစမ်းရန် :**
**➢တိုင်းနှင့်ပြည်နယ်အလုပ်ရေးရာဌာနပြည်သူ့အလုပ်အကိုင်လုံခြုံရေးရုံး(ဟလိုးဝပ်)**
**https://www.mhlw.go.jp/kyujin/hwmap.html**

**● အလုပ်နားထောက်ပံ့ရေးနှင့်လုပ်ခစသည့်အလုပ်သမားခံစားခွင့်နှင့်ပတ်သတ်ပြီးစုံစမ်းရန် :**
**➢ နိုင်ငံခြားသားအလုပ်သမားလက်ခံဆွေးနွေးသည့်ဖုန်း၊ နိုင်ငံခြားသားအလုပ်သမားခံစားခွင့်လက်ခံဆွေးနွေးသည့်Hotline၊ နိုင်ငံခြားသားအလုပ်သမားလက်ခံဆွေးနွေးသည့်ကော်နာ :**
**https://www.check-roudou.mhlw.go.jp/Soudan/foreigner.html**

**● နေထိုင်ခွင့်ဗီဇာနှင့်ပတ်သတ်ပြီးစုံစမ်းရန် :**
**➢တရားရေးဝန်ကြီးဌာနHomepage:**
**http://www.moj.go.jp/content/001319640.pdf**

## နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ မိခင်ဘာသာစကားဖြင့်ဆွေးနွေးပေးသည့် Hotline

နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီတွင်
・လုပ်ငန်းခွင်နှင့်နေ့စဉ်နေထိုင်မှုအတွက် စိုးရိမ်ပူပန်မှုများနှင့်မလုံခြုံမှုများခံစားရချိန်
・လုပ်ခလစာနှင့်အချိန်ပိုလုပ်ခြင်းစသည်တို့နှင့်ပတ်သတ်၍ အလုပ်သင်ဌာနတွင် ချိုးဖောက်မှုများရှိသည်ဟု ခံစားရချိန်
・မပြန်ချင်ပေမဲ့ မိမိနိုင်ငံသို့ ပြန်ခိုင်းခံရတော့မည့်အချိန်
・ဂျပန်နိုင်ငံ၏ ဥပဒေ၊ စနစ်အသီးသီးနှင့်ပတ်သတ်၍ တိုင်ပင်ဆွေးနွေးပေးသည့်နေရာ မသိသည့်အချိန်
စသည့် နည်းပညာအလုပ်သင်၏စိုးရိမ်ပူပန်မှုမျိုးစုံနှင့် ပတ်သတ်သည့် တိုင်ပင်ဆွေးနွေးမှုကို မိမိတို့၏ မိခင်ဘာသာစကားဖြင့် ဆွေးနွေးပေးပါမည်။
အသေးစိတ်ကို နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ၏HP（https://www.otit.go.jp）တွင်ကြည့်ရှုပါ။

**မိခင်ဘာသာစကားဖြင့်ဆွေးနွေးပေးသည့် Hotline（11:00～19:00 အခမဲ့)**

| | | |
|---|---|---|
| ・ဗီဘက်နမ်ဘာသာစကား | အပတ်စဉ်-တနင်္လာမှသောကြာ | TEL : 0120-250-168 |
| ・တရုတ်ဘာသာစကား | အပတ်စဉ်-တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာ | TEL : 0120-250-169 |
| ・အင်ဒိုနီးရှားဘာသာစကား | အပတ်စဉ်-အင်္ဂါ၊ကြာသပတေး | TEL : 0120-250-192 |
| ・ဖိလစ်ပိုင်ဘာသာစကား | အပတ်စဉ်-အင်္ဂါ၊စနေ | TEL : 0120-250-197 |
| ・အင်္ဂလိပ်ဘာသာစကား | အပတ်စဉ်-အင်္ဂါ၊စနေ | TEL : 0120-250-147 |
| ・ထိုင်းဘာသာစကား | အပတ်စဉ်-ကြာသပတေး၊စနေ | TEL : 0120-250-198 |
| ・ကမ္ဘောဒီးယားဘာသာစကား | အပတ်စဉ်-ကြာသပတေး | TEL : 0120-250-366 |
| ・မြန်မာဘာသာစကား | အပတ်စဉ်-သောကြာ | TEL : 0120-250-302 |